တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၃၁။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၂၄

၂၀၁၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၂၇ တွင် ချမှတ်ခဲ့သော ၂၀၁၆ ခုနှစ်၊ ဇွန် လ ၁၀ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

| | | |
|---|---|---|
| Myanmar Win Life Co., Ltd | နှင့် | Golden Power Lamp Co, Ltd<br>( အခွင့်ရကိုယ်စားလှယ်<br>ဦးမင်းစိုး) |
| အယူခံတရားလို | | အယူခံတရားပြိုင် |

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးကျော်မြင့်၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | - | ဦးသန်းစိုး၊ တရားလွှတ်တော်ရှေ့နေ |

### စီရင်ချက်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ လ ရက်

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၇၈ တွင် Golden Power Lamp Co, Ltd က ၎င်း၏အခွင့်ရကိုယ်စားလှယ်အထွေထွေမန်နေဂျာ ဦးမင်းစိုးမှတစ်ဆင့် Myanmar Win Life Co., Ltd အပေါ် RBI အမှတ်တံဆိပ်ပါ ကုန်စည်များကို တရားပြိုင်ကုမ္ပဏီက မြန်မာနိုင်ငံဈေးကွက်၌ ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်စေရန် ထာဝရ တားမြစ်မိန့်ရလိုကြောင်းနှင့် နစ်နာမှုလျော်ကြေးငွေကျပ်သိန်း ၁၅၀၀ ရလိုကြောင်း စွဲဆိုရာ ထာဝရတားမြစ်မိန့်နှင့် နစ်နာမှုလျော်ကြေးငွေကျပ်သိန်း ၄၀၀ပေးလျော်စေရန် ဒီကရီချမှတ်ခဲ့သည်။ ယင်းဒီကရီကို Myanmar Win Life Co., Ltd က ကျေနပ်မှုမရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၃၈၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၂၇ တို့ဖြင့် အဆင့်ဆင့်တင်သွင်းအယူခံသော်လည်း အောင်မြင်မှုမရသဖြင့် အထူးအယူခံဝင်ခွင့်ပြုရန် ၂၀၁၆ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၃၇၈ ဖြင့် လျှောက်ထားရာ အောက်ပါပြဿနာများကို ပြန်လည်စိစစ်ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

" ၁။ တရားလိုကုမ္ပဏီသည် မြန်မာနိုင်ငံတွင်တစ်ဦးတည်းကိုယ်စားလှယ် ဖြစ်ကြောင်း ဥပဒေအရ အရေးယူဆောင်ရွက်ခွင့်ရှိကြောင်း မူလရုံး၏ သုံးသပ်ချက်အပေါ် တရားရုံးအဆင့်ဆင့်က ဆက်လက်အတည်ပြု ခြင်းသည် သက်သေခံ (ဃ) (င) (စ) ပါ ရေးသားဖော်ပြချက်တို့အရ မှန်ကန်ခြင်း ရှိ မရှိ။

၂။ အကယ်၍ သက်သေခံ (ဃ) (င) (စ) ပါ ရေးသားဖော်ပြချက်တို့အရ မှန်ကန်ခြင်းမရှိပါက ခရိုင်တရားရုံးနှင့် ရန်ကုန်တိုင်းဒေသကြီးတရား လွှတ်တော်က ထာဝရတားမြစ်မိန့် ထုတ်ပေးခြင်းနှင့် တရားပြိုင် Myanmar Win Life Co., Ltd သည် တရားလို Golden Power Lamp Co, Ltd သို့ နစ်နာမှုလျော်ကြေးငွေကျပ်သိန်း ၄၀၀ ပေးစေရန် ချမှတ်ခဲ့သည့် ဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆက်လက်အတည်ပြုခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်မှု ရှိ မရှိ။ "

အယူခံတရားလို၏ရှေ့နေက သက်သေခံအမှတ် - ဃ စာတွင် RBI ကုန်အမှတ်တံဆိပ်တုပသူများအား တရားစွဲဆိုရန် အာဏာလွှဲအပ်ကြောင်း အတိအလင်းဖော်ပြထားသော်လည်း ၂၀၁၀ ပြည့်နှစ်ကုန်ဆုံးသည်အထိသာ အခွင့်အာဏာလွှဲအပ်ထားခြင်းဖြစ်ကြောင်း၊ သက်သေခံအမှတ် - င စာတွင် ဥပဒေနှင့်အညီ ကျွန်ုပ်တို့ကုမ္ပဏီကိုယ်စားအရေးယူဆောင်ရွက်ရန် အတွက် အခွင့်အာဏာအပ်နှင်းခြင်းဖြစ်သည်ဟူ၍ အတိအလင်းပါရှိကြောင်း၊ သက်သေခံအမှတ်-စ သည် " တစ်ဦးတည်းကိုယ်စားလှယ်သဘောတူညီချက်နှင့် ဥပဒေအရ အရေးယူဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းခြင်း " စာဖြစ်ကြောင်း၊ RBI ကုန်အမှတ်တံဆိပ်၏ တရားဝင်ပိုင်ရှင်နှင့် ထုတ်လုပ်သူမှာ ထိုင်းနိုင်ငံအခြေစိုက် Rubber Intertrade Co.,Ltd ဖြစ်ကြောင်း၊ Golden Power Lamp Co., Ltd သည် ပိုင်ရှင်ထိုင်းနိုင်ငံကုမ္ပဏီအားကိုယ်စားပြု၍ တရားစွဲဆိုရန်တာဝန်လွှဲအပ်ခံရသူသာဖြစ်ကြောင်း၊ ကိုယ်စားလှယ်လွှဲအပ်ခံရသူက မိမိကိုယ်တိုင်တရားလိုဖြစ်ဘိသကဲ့သို့ ဖော်ပြလက်မှတ်ရေးထိုးအရေးဆိုခွင့်မရှိကြောင်း၊ တရားလိုဘက်က တုပပြုလုပ်သည်ဆိုသော ပစ္စည်းနှင့်ပစ္စည်းအစစ်အမှန်တို့၏အရည်အသွေးစစ်ဆေးချက်နှင့် တရားပြိုင်များကမည်သည့် ဈေးကွက်တွင် မည်သို့ဖြန့်ဖြူးခဲ့ကြောင်း အထောက်အထားပြည့်စုံလုံလောက်စွာ တင်ပြနိုင်ခြင်းမရှိဘဲ တရားပြိုင်အပေါ် ထာဝစဉ်တားမြစ်မိန့်နှင့် နစ်နာမှုလျော်ကြေးငွေကျပ်သိန်း ၄၀၀ ပေးစေရန် ချမှတ်ခဲ့ခြင်းသည်မှန်ကန်မှုမရှိကြောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး နှင့် တရားရုံးအဆင့်ဆင့်၏စီရင်ချက်နှင့်ဒီကရီများကိုပယ်ဖျက်ပြီး တရားလိုစွဲဆိုသည့်အမှုကို ပလပ်ပေးရန်ဖြစ်ကြောင်း လျှောက်ထားတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက သက်သေခံအမှတ်- ဃ၊ င နှင့် စတွင် ဖော်ပြထားချက်များအရ ထိုင်းနိုင်ငံအခြေစိုက် Rubber Intertrade Co.,Ltd ၏ မြန်မာနိုင်ငံအတွက်ဖြန့်ဖြူးရေးကိုယ်စားလှယ်သည် Golden Power Lamp Co., Ltd ဖြစ်သည်ဟု အတိအလင်းဖော်ပြထားကြောင်း၊ တရားလိုကုမ္ပဏီသည် RBI ကုန်အမှတ်တံဆိပ်ပါ ရာဘာအပိုပစ္စည်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင်တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်ပြီး တရားစွဲဆိုအရေးယူခွင့်ရှိကြောင်း မူလရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးနှင့် တရားရုံးအဆင့်ဆင့်ကအကြောင်းခြင်းရာအပေါ် ဥပဒေအမြင်အရ တစ်ညီတစ်ညွတ်တည်း ကောက်ယူသုံးသပ်ဆုံးဖြတ်ချက်အပေါ် တရားမျှတမှုလွန်စွာကင်းမဲ့နေကြောင်း ပေါ်ပေါက်မှုမရှိဘဲဝင်ရောက်စွက်ဖက်နိုင်မည်မဟုတ်ကြောင်း၊ သက်သေခံအမှတ် ဃ၊ င နှင့် စတို့ကို စိစစ်ပါက တရားလိုကုမ္ပဏီသည် ထိုင်းနိုင်ငံအခြေစိုက် Rubber Intertrade Co.,Ltd ကိုယ်စား RBI အမှတ်တံဆိပ်နှင့်ပတ်သက်၍ အကျိုးစီးပွားထိခိုက်နစ်နာစေသူများအပေါ် တရားစွဲဆိုရန် အခွင့်အာဏာရှိသူဖြစ်ကြောင်း အထင်အရှားတွေ့ရကြောင်း၊ တရားလိုကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးအေးဝင်းက ကုမ္ပဏီ၏အထွေထွေမန်နေဂျာဖြစ်သူ ဦးမင်းစိုးအား သက်သေခံအမှတ် က နှင့် က- ၁ တို့အရ ကုမ္ပဏီကိုယ်စားတာဝန်ပေးအပ်ကြောင်း အစည်းအဝေးဆုံးဖြတ်ချက်နှင့် တရားရုံးကိုယ်စားလှယ်လွှဲစာပေးအပ်၍ တရားစွဲဆိုခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်သဖြင့် မူလခရိုင်တရားရုံးနှင့် အယူခံတရားရုံးအဆင့်ဆင့်၏ စီရင်ချက်နှင့်ဒီကရီများကို အတည်ပြုပြီး ဤတရားမအထူးအယူခံမှုအားပလပ်သင့်ကြောင်း လျှောက်ထားတင်ပြသည်။

အဆိုလွှာတွင် တရားလိုကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် အညီ မှတ်ပုံတင်အမှတ် ၁၁၂၁/၂၀၀၆- ၂၀၀၇ ဖြင့် မှတ်ပုံတင်ထားသည့်အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအခြေစိုက် Rubber Intertrade Co.,Ltd က RBI ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သောမော်တော်ယာဉ် အင်ဂျင်နှင့်အခြားပစ္စည်းအစိတ်အပိုင်းများတွင် ထည့်သွင်းအသုံးပြုနိုင်သည့် ရာဘာကုန်ပစ္စည်းများကို တရားလိုကုမ္ပဏီအား ၇- ၄- ၂၀၁၀ ရက်စွဲဖြင့် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးရှေ့မှောက်၌ လက်မှတ်ရေးထိုးပြုလုပ်သော တစ်ဦးတည်းဖြန့်ဖြူးရောင်းချရေး ကိုယ်စားလှယ်ခန့်အပ်ကြောင်း သဘောတူလွှဲအပ်သည့် စာကိုလည်းကောင်း၊ RBI ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ မူပိုင်ခွင့်ထိပါးချိုးဖောက်သူများအပေါ် အရေးယူဆောင်ရွက်ခွင့်အာဏာလွှဲအပ်သည့်စာကိုလည်းကောင်း လက်မှတ်ရေးထိုးလျက် တရားဝင်ပေးအပ်ခဲ့ကြောင်း၊ တရားလိုသည် Rubber Intertrade Co., Ltd၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာလွှာစာချုပ်တစ်စောင်ကို မှတ်ပုံတင်စာချုပ်အမှတ် ၇၄၉/၂၀၁၃ ဖြင့် မှတ်ပုံတင်သွင်းခဲ့သည့်အပြင် ၁၃- ၂- ၂၀၁၃ ရက်နေ့ကြေးမုံသတင်းစာ၌လည်း အများ

သိစေရန်ထည့်သွင်းကြေညာခဲ့ကြောင်း၊ တရားပြိုင် ကုမ္ပဏီသည် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်တွင် ရုံးခန်းဖွင့်လှစ်ပြီး RBI ကုန်အမှတ်တံဆိပ်ကို တုပလျှက်ထုတ်လုပ်ထားသော မော်တော်ယာဉ်အင်ဂျင်သုံးရာဘာပစ္စည်းမျိုးစုံကို ရန်ကုန်မြို့ဈေးကွက်များ၌ ဖြန့်ဖြူးရောင်းချနေသည်ကိုသိရှိရ၍ တရားလိုကုမ္ပဏီက ၈- ၅- ၂၀၁၃ ရက်နေ့ထုတ်ကြေးမုံသတင်းစာမှ သတိပေးတားမြစ်ခဲ့ကြောင်း၊ တရားပြိုင်ကုမ္ပဏီအနေနှင့် RBI ကုန်အမှတ်တံဆိပ်ပါကုန်စည်းအတုများကို ဖြန့်ဖြူးရောင်းချနေကြောင်း သက်သေခံ အထောက်အထားဖြစ်စေရန် တရားဝင်ပြေစာများဖြင့် ဝယ်ယူခဲ့ကြောင်း၊ တရားပြိုင် ကုမ္ပဏီရှိရာလိပ်စာဖြင့် တုပပြုလုပ်ထားသော အလားတူကုန်ပစ္စည်းများကို ဈေးကွက်အတွင်းဖြန့်ဖြူး ရောင်းချခြင်းကို လုံးဝရပ်ဆိုင်းရန် ရှေ့နေမှတစ်ဆင့် ၂၅- ၃- ၂၀၁၃ ရက်စွဲပါ အကြောင်းကြားစာကိုပေးပို့ခဲ့ရာ တရားပြိုင်ကုမ္ပဏီက အကြောင်းကြားစာကို လက်ခံရယူဖွင့်ဖောက်ဖတ်ရှုခဲ့ကြောင်း၊ ထို့နောက် ၎င်း၏ဝန်ထမ်းမှတစ်ဆင့်တရားလိုကုမ္ပဏီထံ အဆိုပါ စာမူရင်းကို ပြန်လည်ပေးပို့ခဲ့ကြောင်း၊ အချင်းဖြစ် RBI ကုန်အမှတ်တံဆိပ်ကိုတုပပြုလုပ်ထားသော မော်တော်ယာဉ်အင်ဂျင်သုံးရာဘာအပိုပစ္စည်းများကို တရားပြိုင်ကုမ္ပဏီက ဆက်လက်ဖြန့်ဖြူးရောင်းချ၍ တရားလိုကုမ္ပဏီတွင်များစွာနစ်နာသဖြင့် ဤအမှုကိုစွဲဆိုရကြောင်း အဆိုပြုသည်။

မူလအဆိုလွှာပါ တရားပြိုင် Win Auto Parts ကုမ္ပဏီလီမိတက်အပေါ် သမ္မန်စာထုတ်ဆင့်ခဲ့ရာ တရားပြိုင်ကုမ္ပဏီ၏အုပ်ချုပ်ရေးမှူး ဦးမောင်မောင်တင်က လက်ခံရယူ၍ သမ္မန်စာ အတည်ဖြစ်ကြောင်းဆင့်စာလုလင်က ပြန်လည်တင်သွင်းခဲ့သည်။ သို့သော် ရုံးချိန်းရက်တွင် တရားပြိုင် Win Auto Parts ကုမ္ပဏီအတွက်ရုံးရှေ့သို့မည်သူမျှလာ ရောက်ခြင်းမရှိသဖြင့် ၂၀- ၁၁- ၂၀၁၃ ရက်နေ့တွင် အမှုကိုတရားမကျင့်ထုံးဥပဒေအမိန့် ၉ နည်းဥပဒေ ၆(၁) အရ တစ်ဖက်သတ်စစ်ဆေးဆောင်ရွက်ခဲ့သည်။

တရားလိုနှင့်လိုပြသက်သေ ၁ ဦးအား စစ်ဆေးပြီးနောက် ၂၇- ၁- ၂၀၁၄ ရက်နေ့တွင် Myanmar Win Life Co., Ltd မှ အရောင်းမန်နေဂျာ ဦးမောင်မောင်မြင့်က တရားလိုကုမ္ပဏီသည်တရားပြိုင်အဖြစ် Win Auto Parts ကုမ္ပဏီလီမိတက်ဟု မှားယွင်းအမည်တပ်ထားကြောင်း၊ Win Auto Parts ဆိုင်ခန်းသည် Myanmar Win Life Co., Ltd မှ ဖွင့်လှစ်ထားသည့်ဆိုင်ခန်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောက်ရှိသည့်ရုံးချိန်းတွင်အမှု၌ တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်းဥပဒေ ၇ အရ တရားပြိုင်အဖြစ်ပါဝင်ခွင့်ပြုရန် လျှောက်ထားရာ တရားပြိုင် Win Auto Parts ကုမ္ပဏီလီမိတက်အစား Myanmar Win Life Co., Ltd ကို တရားပြိုင်အဖြစ်အမှု၌ပါဝင်ခွင့်ပြုခဲ့သဖြင့် တရားပြိုင် Win Auto Parts ကုမ္ပဏီလီမိတက်နေရာတွင် Myanmar Win Life Co., Ltd ဟု အဆိုလွှာကိုပြင်ဆင်စေပြီး အမှုကိုဆက်လက်ဆောင်ရွက်ခဲ့သည်။

မူလရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက တရားလိုကုမ္ပဏီသည် ထိုင်းနိုင်ငံအခြေစိုက် Rubber Intertrade Co., Ltd မှ ထုတ်လုပ်သော RBI အမှတ်တံဆိပ်ပါမော်တော်ယာဉ်အင်ဂျင်နှင့်အခြားအစိတ်အပိုင်းများတွင် ထည့်သွင်းအသုံးပြုသည့်ရာဘာအပိုပစ္စည်းများကို မြန်မာနိုင်ငံ၌ ရောင်းချဖြန့်ဖြူးရန် တစ်ဦးတည်းသောကိုယ်စားလှယ်ဖြစ်ကြောင်း၊ တရားပြိုင်ကုမ္ပဏီသည် တရားလိုကုမ္ပဏီမှရောင်းချသည့် RBI ကုန်အမှတ်တံဆိပ်ပါ ပစ္စည်းများထက် အရည်အသွေးနိမ့်သည့် RBI ကုန်အမှတ်တံဆိပ်ပါရာဘာအပိုပစ္စည်းများကို ဖြန့်ဖြူးရောင်းချခဲ့သည်မှာ ထင်ရှားကြောင်း၊ တရားလိုကုမ္ပဏီမှဖြန့်ချီသော RBI ကုန်အမှတ်တံဆိပ်ပါ ပစ္စည်း၏အရည်အသွေးဂုဏ်သတင်းကို ထိခိုက်နစ်နာစေခဲ့ကြောင်းသုံးသပ်ပြီး တရားပြိုင်ကုမ္ပဏီသည် RBI ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် တုပထုတ်လုပ်ထားသည့် မော်တော်ယာဉ်အင်ဂျင်သုံးရာဘာအပိုပစ္စည်းများကို မြန်မာနိုင်ငံဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန် ထာဝရတားမြစ်မိန့်ကိုထုတ်ဆင့်ခဲ့ပြီး တရားပြိုင်ကုမ္ပဏီကတရားလိုကုမ္ပဏီသို့ နစ်နာမှုလျော်ကြေးငွေကျပ်သိန်း ၄၀၀ ကိုပေးလျော်စေရန်ချမှတ်ခဲ့သည့် ဒီကရီကို အယူခံတရားရုံးအဆင့်ဆင့်က ဆက်လက်အတည်ပြုခဲ့သည်။

တရားလို Golden Power Lamp Co., Ltd သည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသည့်အများနှင့်မသက်ဆိုင်သော ကုမ္ပဏီဖြစ်သည်။ တရားလိုကုမ္ပဏီသည် ထိုင်းနိုင်ငံအခြေစိုက် Rubber Intertrade Co., Ltd မှ ထုတ်လုပ်သော RBI အမှတ်တံဆိပ်ပါ မော်တော်ယာဉ်အင်ဂျင်နှင့် အခြားအစိတ်အပိုင်းများတွင် ထည့်သွင်းအသုံးပြုသည့်ရာဘာအပိုပစ္စည်းများကို ၂၀၀၈ ခုနှစ်မှစတင်၍ ဝယ်ယူတင်သွင်းလာခဲ့ရာ တရားလိုကုမ္ပဏီအား Rubber Intertrade Co., Ltd က ထုတ်လုပ်သည့် RBI အမှတ်တံဆိပ်မော်တော်ယာဉ်သုံးရာဘာအပိုပစ္စည်းများကို တရားလိုကုမ္ပဏီအား မြန်မာနိုင်ငံတွင်ဖြန့်ချီရန်၊ ၎င်းတို့၏ကုမ္ပဏီကိုကိုယ်စားပြုရန်၊ RBI ကုန်အမှတ်တံဆိပ်တုပသူများအား တရားစွဲရန်အာဏာကုန်လွှဲအပ်သည့် ၇- ၄- ၂၀၁၀ ရက်စွဲပါ သက်သေခံအမှတ် - ဃ ထောက်ခံစာကိုလည်းကောင်း၊ ၁၅- ၁၀- ၂၀၁၂ ရက်စွဲပါ ဥပဒေအရ အရေးယူဆောင်ရွက်ရန်အခွင့်အာဏာအပ်နှင်းသည့် သက်သေခံအမှတ် - င စာကို လည်းကောင်း၊ တရားလိုကုမ္ပဏီနှင့် Rubber Intertrade Co., Ltd တို့ချုပ်ဆိုသည့် သက်သေခံအမှတ်- စ သဘောတူစာချုပ်ကိုလည်းကောင်း တရားလိုကတင်ပြခဲ့သည်။

၇- ၄- ၂၀၁၀ ရက်စွဲပါ သက်သေခံအမှတ် - ဃ၊ ထိုင်းနိုင်ငံအခြေစိုက် Rubber Intertrade Co., Ltd၏ထောက်ခံစာတွင် အောက်ပါအတိုင်းဖော်ပြထားသည်-

ရက်စွဲ။ ၇- ၄- ၂၀၁၀

× × × × ×

အကြောင်းအရာ။ အေဂျင်စီ (အကျိုးဆောင်) ဖြစ်ကြောင်းထောက်ခံချက် ပေးပို့ခြင်း။

သက်ဆိုင်ရာသို့

× × × × × × × × × × × × × × × × × × ×

ဤကိစ္စနှင့်ပတ်သက်၍ အောက်ပါကုမ္ပဏီသည် မြန်မာနိုင်ငံတွင် RBI ပစ္စည်းဖြန့်ချီရန်နှင့် Rubber Intertrade Co., Ltd အား အာဏာပိုင်အဖွဲ့ တို့၌ ကိုယ်စားပြုရန်နှင့် RBI ကုန်အမှတ်တံဆိပ်တုပသူများအား တရားစွဲဆိုရန်အာဏာကုန်လွှဲအပ်ထားသည်။

Golden Power Lamp Co, Ltd

× × × × × ×

၁၅- ၁၀- ၂၀၁၂ ရက်စွဲပါသက်သေခံအမှတ် - င၊ Golden Power Lamp Co., Ltd ၏ " ဥပဒေအရ အရေးယူဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းခြင်း " စာတွင် အောက်ပါအတိုင်းဖော်ပြထားသည်။

× × × × × × × × × × × × × × × × × ×

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံရှိကျွန်ုပ်တို့၏တစ်ဦးတည်း ဖြန့်ဖြူးရေးကိုယ်စားလှယ်အား မြန်မာနိုင်ငံအတွင်း ကျွန်ုပ်တို့ပိုင်ဆိုင်သည့်ကုန်အမှတ်တံဆိပ်များ၊ မူပိုင်ခွင့်များ သို့မဟုတ် တရားမဝင်တင်သွင်းသူများအပေါ် မြန်မာနိုင်ငံ၏တရားရုံးများ၊ ရဲစခန်းများ သို့မဟုတ် အခြားအစိုးရအဖွဲ့အစည်း များတွင် တရားမကြောင်း၊ ပြစ်မှုကြောင်းတို့အရ တရားစွဲဆိုခုခံချေပရန် အတွက်လည်း အခွင့်အာဏာအပ်နှင်းပါသည်။

ထိုင်းနိုင်ငံအခြေစိုက် Rubber Intertrade Co., Ltd က ၎င်းကုမ္ပဏီမှထုတ်လုပ်သည့် RBI ကုန်အမှတ်တံဆိပ်ပစ္စည်းများကို ဖြန့်ချီရန်၊ ၎င်းကုမ္ပဏီကိုယ်စားပြုရန်နှင့် RBI ကုန်အမှတ်တံဆိပ်တုပသူများကို တရားစွဲဆိုရန် Golden Power Lamp Co.,Ltd အား သက်သေခံအမှတ် - ဃ ထောက်ခံစာဖြင့် အာဏာကုန်လွှဲအပ်ထားကြောင်း ပေါ်ပေါက်သည်။

သက်သေခံအမှတ် - င စာတမ်းအမှတ်အသားသည် RBI ကုန်အမှတ်တံဆိပ် ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ တုပပြုလုပ်သူ သို့မဟုတ် တရားမဝင်တင်သွင်းသူ သို့မဟုတ် မည်သည့်နည်းနှင့်မဆို ချိုးဖောက်သူတို့အပေါ် တရားစွဲဆိုခုခံချေပရန်အခွင့်အာဏာအပ်နှင်းကြောင်း ဖော်ပြထားသဖြင့် အဆိုပါစာတမ်းအမှတ်အသားသည် Rubber Intertrade Co., Ltd က တရားလိုကုမ္ပဏီအား ဥပဒေနှင့်အညီလွှဲအပ်သည့်ကိုယ်စားလှယ်စာဖြစ်သည်ဟုဆိုနိုင်သည်။

တရားလိုကုမ္ပဏီသည် ၁၅- ၁၀- ၂၀၁၂ ရက်စွဲပါ သက်သေခံအမှတ် - စဖြင့် ထိုင်းနိုင်ငံအခြေစိုက် Rubber Intertrade Co., Ltd ၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် သဘောတူညီချက်နှင့် ကုန်အမှတ်တံဆိပ်တုပပြုလုပ်ခြင်းနှင့် စပ်လျဥ်း၍ ဥပဒေအရ တရားစွဲဆိုရန် အခွင့်အာဏာအပ်နှင်းသည့်သဘောတူစာချုပ်ကိုချုပ်ဆိုခဲ့ရာ အဆိုပါစာချုပ် အပိုဒ် ၆ အရ တရားလိုကုမ္ပဏီအား ခန့်အပ်မှုသည် ၃နှစ်ကာလဖြစ်သဖြင့် ၁၆- ၇- ၂၀၁၃ ရက်နေ့တွင် RBI ကုန်အမှတ်တံဆိပ်ပါရာဘာအပိုပစ္စည်းများနှင့်ပတ်သက်၍ တုပပြုလုပ်ဖြန့်ဖြူးရောင်းချသူများ အပေါ် မြန်မာနိုင်ငံတွင်တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သူ တရားလိုကုမ္ပဏီက ဥပဒေအရ တရားစွဲဆိုအရေးယူဆောင်ရွက်ခွင့်ရှိမည်ဖြစ်သည်။

Rubber Intertrade Co., Ltd က RBIကုန်အမှတ် တံဆိပ်ကိုပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာလွှာကို ၂၅- ၁- ၂၀၁၃ ရက်စွဲပါမှတ်ပုံတင်အမှတ် ၇၄၉/၂၀၁၃၊ သက်သေခံအမှတ် - ဆဖြင့် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားပြီးဖြစ်သည်။

Rubber Intertrade Co., Ltd က ထုတ်လုပ်သည့် RBI ကုန်အမှတ်တံဆိပ်ပါ မော်တော်ယာဥ်အင်ဂျင်နှင့် အခြားပစ္စည်းအစိတ်အပိုင်းများတွင် ထည့်သွင်းအသုံးပြု နိုင်သည့် ရာဘာကုန်ပစ္စည်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချရန် တရားလို ကုမ္ပဏီအား အရောင်းကိုယ်စားလှယ်အဖြစ်ခန့်ထားပြီးဖြစ်ကြောင်း၊ အဆိုပါ ပစ္စည်းများကို တရားလိုကုမ္ပဏီ၏ ခွင့်ပြုချက်မရှိဘဲ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားခြင်းမပြုလုပ်ရန် တရားလိုကုမ္ပဏီက ၁၃- ၂- ၂၀၁၃ ရက်စွဲပါ သက်သေခံအမှတ် - ဇ ဖြင့် ကြေးမုံသတင်းစာတွင် ကြေညာခဲ့သည်။

တရားလိုကုမ္ပဏီက ၂၅- ၃- ၂၀၁၃ ရက်စွဲပါ သက်သေခံအမှတ် - ဈ နို့တစ်စာဖြင့် Win Auto Parts ၏ ဒါရိုက်တာအဖွဲ့ထံ RBI ကုန်အမှတ်တံဆိပ်အမှတ်အသားပါရာဘာဖြင့် ပြုလုပ်ထားသော မော်တော်ယာဥ်သုံး စက်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချနေခြင်းအား ရပ်ဆိုင်း ပေးရန် အကြောင်းကြားခဲ့ပြီး RBI ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက် သို့မဟုတ် ဆင်တူယိုးမှား၊ လိမ်လည်တုပထုတ်လုပ်ထားသော ရာဘာမော်တော်ယာဥ်သုံး အပိုပစ္စည်းများကို မည်သူမဆိုဈေးကွက်များအတွင်း ဖြန့်ချီရောင်းချနေမှုအားရပ်ဆိုင်းရန်အတွက် Win Auto Parts ကုမ္ပဏီအပါအဝင်အများသိစေရန် ၈- ၅- ၂၀၁၃ ရက်စွဲပါ သက်သေခံအမှတ် - ဈ ဖြင့် ကြေးမုံသတင်းစာမှ ကြော်ငြာခဲ့သည်။

တရားလို Golden Power Lamp Co.,Ltd သည် ထိုင်းနိုင်ငံအခြေစိုက် Rubber Intertrade Co., Ltd မှ ထုတ်လုပ်သည့် RBI ကုန်အမှတ်တံဆိပ်အမှတ်အသားပါ မော်တော်ယာဥ်အင်ဂျင်နှင့်အခြားအစိတ်အပိုင်းများတွင် ထည့်သွင်းအသုံးပြုနိုင်သည့် ရာဘာအပိုပစ္စည်းများကို မြန်မာနိုင်ငံတွင်ဖြန့်ဖြူးရောင်းချရန်အတွက် တစ်ဦးတည်းသောကိုယ်စားလှယ်ဖြစ်သည်မှာ အမှုတွင် အငြင်းမပွားကြောင်းတွေ့ရသည်။

Rubber Intertrade Co., Ltd က မြန်မာနိုင်ငံအတွင်း RBI ကုန်အမှတ်တံဆိပ် တုပပြုလုပ်သူများနှင့် တရားမဝင်တင်သွင်းသူ၊ မည်သည့်နည်းနှင့်မဆိုချိုးဖောက်သူတို့အပေါ် ၎င်း ကုမ္ပဏီကိုယ်စား တရားစွဲဆိုခုခံချေပရန်အတွက် တရားလို Golden Power Lamp Co., Ltd သို့ ကိုယ်စားလှယ်အဖြစ်လွှဲအပ်ခဲ့သဖြင့် တရားလိုကုမ္ပဏီက ဒါရိုက်တာအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် အထွေထွေမန်နေဂျာ ဦးမင်းစိုးအားအခွင့်ရကိုယ်စားလှယ်အဖြစ်ခန့်ကာ တရားလို ကုမ္ပဏီကိုယ်စားတရားစွဲဆိုခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်ပေ။

၁၀- ၄- ၂၀၁၃ ရက်စွဲပါ သက်သေခံအမှတ် - ည၊ Win Auto Parts အရောင်း ဆိုင်၏ကုန်ရောင်းပြေစာ ၃ စောင်နှင့် တရားပြိုင်ကုမ္ပဏီ၏ Internet Website ရှိကြော်ငြာ၊ သက်သေခံအမှတ် ဍ တို့အရ Win Auto Parts အရောင်းဆိုင်သည် RBI ကုန်အမှတ်တံဆိပ်ပါ မော်တော်ယာဉ်သုံးရာဘာပစ္စည်းများကို ရောင်းချခဲ့ကြောင်း ပေါ်ပေါက်သည်။

RBI ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တုပပြုလုပ်ထားသော မော်တော်ယာဉ် သုံးရာဘာအပိုပစ္စည်းများကို ဖြန့်ဖြူးရောင်းချသူ Win Auto Parts အရောင်းဆိုင်ခန်းသည် တရားပြိုင် Myanmar Win Life Co., Ltd မှ ဖွင့်လှစ်ထားသောဆိုင်ဖြစ်ကြောင်း တရားပြိုင်ကုမ္ပဏီ၏လျှောက်ထားချက် အရ Myanmar Win Life Co., Ltd သည် တရားပြိုင်အဖြစ် ပါဝင်လာခြင်းဖြစ်သည်။

သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၅၄ တွင် တရားပြိုင်သည် ပစ္စည်း၌ တရားလို၏ အခွင့်အရေးကိုဖြစ်စေ၊ တရားလို၏ပစ္စည်းခံစားခွင့်ကိုဖြစ်စေ ထိပါးလျှင်သော်လည်းကောင်း၊ ထိပါးရန်ခြိမ်းခြောက်လျှင်သော်လည်းကောင်း ထာဝရတားဝရမ်းခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်း ထားသည်။

Myanmar Win Life Co., Ltd မှ ဖွင့်လှစ်ထားသော Win Auto Parts အရောင်းဆိုင် တွင် Golden Power Lamp Co., Ltd က မြန်မာနိုင်ငံတွင် တစ်ဦးတည်းဖြန့်ချီခွင့်ရရှိသော RBI ကုန်အမှတ်တံဆိပ်ပါ မော်တော်ယာဉ်သုံး ရာဘာပစ္စည်းများနှင့်အလားတူ အရည်အသွေးနိမ့်သည့် RBI ကုန်အမှတ်တံဆိပ်ဖြင့် မော်တော်ယာဉ်သုံးရာဘာပစ္စည်းများကိုရောင်းချခဲ့ခြင်းအတွက် တရားလို ကုမ္ပဏီ၏ခံစားခွင့်အခွင့်အရေးများကို ထိပါးစေခဲ့သည်မှာမြင်သာသဖြင့် တရားလိုကုမ္ပဏီ တောင်းဆိုသည့်အတိုင်း RBI ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ထုတ်လုပ်ထားသော ကုန်စည်များကို တရားပြိုင်ကုမ္ပဏီကမြန်မာနိုင်ငံဈေးကွက်များ၌ ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ် စေရန်အတွက် ထာဝရတားမြစ်မိန့်ရထိုက်သည်မှာ ထင်ရှားသည်။

မောင်သိန်းနိုင် (လိုပြ- ၁) က RBI ကုန်အမှတ်တံဆိပ်မော်တော်ယာဉ်သုံး ရာဘာ ပစ္စည်းများကို ၂၀၀၈ ခုနှစ်မှစ၍ Win Auto Parts အရောင်းဆိုင်မှ ဝယ်ယူသုံးစွဲခဲ့ကြောင်း ထွက်ဆို ခဲ့ရာ တရားပြိုင်ကုမ္ပဏီက ထိုသို့ရောင်းချခဲ့သည်မှာ တရားစွဲဆိုသည့် အချိန်ထိ ၅ နှစ်ခန့်ရှိပြီ ဖြစ်ကြောင်း တွေ့ရသည်။

တရားပြိုင်ကုမ္ပဏီသည် အရည်အသွေးနိမ့်သည့် အလားတူ RBI ကုန်အမှတ်တံဆိပ်ပါ မော်တော်ယာဉ်သုံးရာဘာပစ္စည်းများကို ရောင်းချခဲ့သဖြင့် တရားလိုကုမ္ပဏီ၏ ကုန်ပစ္စည်းများအရည်အသွေးညံ့ဖျင်းသည်ဟု အထင်မှားစေခဲ့ခြင်း၊ ကုန်ပစ္စည်းရောင်းချရမှု ပမာဏလျော့နည်းစေခြင်းအတွက် တရားလိုကုမ္ပဏီက နစ်နာမှုလျော်ကြေးငွေကျပ်သိန်း ၁၅၀၀ ရထိုက်ကြောင်း တောင်းဆိုမှုအပေါ် တရားပြိုင်ကုမ္ပဏီက နစ်နာမှုလျော်ကြေးငွေကျပ် သိန်း ၄၀၀ ပေးစေရန်ချမှတ်ခဲ့သည့် ဒီကရီသည်သင့်တင့်မျှတမှုရှိသဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။

အထက်ပါအကြောင်းများအရ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက တရားပြိုင်ကုမ္ပဏီသည် RBI ကုန်အမှတ် တံဆိပ်အမည်အမှတ်အသားဖြင့် တုပထုတ်လုပ်ထားသည့် မော်တော်ယာဉ် အင်ဂျင်သုံးရာဘာအပိုပစ္စည်းများကို မြန်မာနိုင်ငံဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ထာဝရတားမြစ်မိန့်ထုတ်ပေးပြီး တရားပြိုင် Myanmar Win Life Co., Ltd သည် တရားလို Golden Power Lamp Co., Ltd သို့ နစ်နာမှုလျော်ကြေးငွေကျပ်သိန်း ၄၀၀ ပေးစေရန်ချမှတ်ခဲ့သည့် စီရင်ချက်နှင့်ဒီကရီကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းသည် မှားယွင်းခြင်းမရှိသဖြင့် ဆက်လက်အတည်ပြုရန်သာရှိသည်။

သို့ဖြစ်ရာ ကြားနာခဲ့သောပြဿနာများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဖြေဆိုလိုက်သည်-

“ ၁။ တရားလိုကုမ္ပဏီသည် မြန်မာနိုင်ငံတွင်တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်ကြောင်း ဥပဒေအရ အရေးယူဆောင်ရွက်ခွင့်ရှိကြောင်း မူလရုံး၏ သုံးသပ်ချက်အပေါ် တရားရုံးအဆင့်ဆင့်က ဆက်လက်အတည်ပြုခြင်းသည် သက်သေခံ (ဃ) (င) (စ) ပါ ရေးသားဖော်ပြချက်တို့အရ မှန်ကန်ကြောင်း၊

၂။ အကယ်၍ သက်သေခံ (ဃ) (င) (စ) ပါ ရေးသားဖော်ပြချက်တို့အရ ခရိုင်တရားရုံးနှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ထာဝရတားမြစ်မိန့် ထုတ်ပေးခြင်းနှင့် တရားပြိုင် Myanmar Win Life Co., Ltd သည် တရားလို Golden Power Lamp Co, Ltd သို့ နစ်နာမှုလျော်ကြေးငွေ ကျပ်သိန်း ၄၀၀ ပေးစေရန် ချမှတ်ခဲ့သည့် ဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆက်လက်အတည်ပြုခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်ကြောင်း။ ”

ထို့ကြောင့် ဤတရားမအထူးအယူခံမှုကိုစရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/- သတ်မှတ်သည်။

( ထွန်းထွန်းဦး )
ပြည်ထောင်စုတရားသူကြီးချုပ်

( သာဌေး )
တရားသူကြီး

( မြသိမ်း )
တရားသူကြီး

( မြင့်အောင် )
တရားသူကြီး

( အောင်ဇော်သိန်း )
တရားသူကြီး

( မျိုးတင့် )
တရားသူကြီး

( စိုးနိုင် )
တရားသူကြီး

( ခင်မောင်ကြည် )
တရားသူကြီး